မာတိကာ ၁
စကားချီး ၄
နောင်ပိုင်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ လွိုင်လင်မြို့နယ် ၆
အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၇
(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉
(က)` တည်နေရာ၊ မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၉
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု
(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၀
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမှီရယူမှု- လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ ၁၃
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၅
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၆

Scanned with CamScanner

Scanned with CamScanner

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၇
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေး
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၃
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၅
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၆
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ
နောက်ဆက်တွဲ
နောက်ဆက်တွဲ (၁) စီမံချက် ဇယားများ
(၁) ရွာ၏ လူမှုစီးပွားရေး အခြေအနေ ၂၈
ဇယား (၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ
ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အုပ်စု
(၂) လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းစရိယာ
ဇယား (၁၄) အဓိကသီးနှံများ နှင့် အထွက်နှုန်း
ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

Scanned with CamScanner

Scanned with CamScanner

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား (၂၁) နိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား (၂၂) နိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ
ဇယား (၂၃) ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား (၂၅) သဘာဝပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့် နှင့် အခက်အခဲများ
ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြိုးစီးမှုနှုန်း
ဇယား (၂၈) ကျောင်းအပ်နှုန်း
ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေ
ဇယား (၃၀) ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား (၃၁) အဖြစ်များသော ရောဂါများ
ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား (၃၃) သောက်သုံးရေ ရရှိမှု
ဇယား (၃၄) သန့်ရှင်းရေး အခြေအနေ
ဇယား (၃၅) ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား (၃၆) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား (၄၀) ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား (၄၂) မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၂

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၆

ဇယား (၄၅) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

ကိုးကားစာရင်း ၇၁

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၇၂

စီမံချက်ဆိုင်ရာ အချက်အလက်ပုံစံ

Scanned with CamScanner

Scanned with CamScanner

စကားရှိး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသောမွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျေးရွာတွင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်လုပ်ဆောင်ဖူးခဲ့ကြသော်လည်း ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများကို တွင်ကျယ်စွာသုံးစွဲလုပ်ဆောင်ခြင်း နည်းပါးနေပါသေးသည်။ အားလုံးပူးပေါင်းပါဝင်ပြီး ကျေးရွာစီမံကိန်းများရေးဆွဲခြင်းနည်းလမ်းကိုအသုံးပြု၍ အချင်းချင်းတိုင်ပင်ဆွေးနွေး အဖြေရှာတတ်လာစေရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ဦးဆောင်ညွှန်ကြားမှုဖြင့် မတူပီမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက စီမံကိန်းရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုစီစဉ်ပြီး ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွဲဖက်လုပ်ဆောင်စေခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှ လည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင် ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်ကို နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်များဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ် အဆင့် အစိုးရဌာနများနှင့် အထက်အဆင့်တာဝန်ရှိသူအစိုးရအဖွဲ့များ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု မျှော်လင့်ပါသည်။ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

Scanned with CamScanner

Scanned with CamScanner

ဤအစီအစဉ်တွင်အဝိုင်း (၂) ဝိုင်း ပါရှိပါသည်။ အဝိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်းဆောင် ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထား ပါသည်။ အဝိုင်း (ခ) သည် စီမံကိန်းဆိုင်ရာအချက် အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။


ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
နောင်ဟိုင်းကျေးရွာ
လွိုင်လင်မြို့နယ်

Scanned with CamScanner

Scanned with CamScanner

နောင်ဟိုင်းကျေးရွာအရင်းအမြစ်ပြမြေပုံ



ရည်ညွှန်း - နောင်ဟိုင်းကျေးရွာ၊ လွိုင်လင်မြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်း မှ ရယူသည်။ (၂၀၁၅ ခုနှစ် ၃-၅ စက်တင်ဘာလ)

Scanned with CamScanner

Scanned with CamScanner

(ခ) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှလိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပုံအပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကို လည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

(ဃ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

Scanned with CamScanner

Scanned with CamScanner

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာစေခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

Scanned with CamScanner

Scanned with CamScanner

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

နောင်ဟိုင်းကျေးရွာသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့နယ်အတွင်း တည်ရှိပြီး၊ မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၇မိနစ် မှ ၂၀ဒီဂရီ ၁၉ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ်၉၇ဒီဂရီ ၂၂မိနစ်မှ ၉၇ဒီဂရီ ၃၈ မိနစ် အတွင်းတည်ရှိပါသည်။ လွိုင်လင်မြို့၏ အနောက်မြောက်ဘက် (၇) မိုင် နှင့် ပင်လုံမြို့ အနောက်ဘက် (၁) မိုင်အကွာတွင်ရှိ၍ ၊ ရွာတွင်းသို့ (၁) မိုင် အရှည် မြေသားလမ်း မှ ဝင်ရောက်ရပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်ပေ (၄၄၄၇) ပေတွင်တည်ရှိ၍ မြေမျက်နှာသွင်ပြင်မှာ တောင်ကုန်းချိုင့်ဝှမ်းများပြားပြီး တောင်တန်းများသည် တောင်မြောက်သွယ်တန်းနေပါသည်။ မြေပြန့်လွင်ပြင်ဟူ၍မရှိသ လောက်ရွာပါးပါသည်။ ရာသီဥတုမှာစွတ်စိုသော မုတ်သုန် ရာသီဥတုဖြစ်သည်။ အမြင့်ဆုံးအပူချိန် (၂၆) ဒီဂရီ စင်တီဂရိတ် နှင့် အနိမ့်ဆုံးအပူချိန်မှာ (-၆) ဒီဂရီ စင်တီဂရိတ် ဖြစ်ပါသည်။ မိုးရွာသွန်းမှု အနေဖြင့် မိုးရေချိန် (၅၃.၄၃) လက်မရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

ကျွန်ုပ်တို့ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကမှီခိုသောကျေးရွာဖြစ်၍ လယ်မြေ ၃၇.၅ ဧက၊ ယာမြေ ၉ ဧကနှင့် အိမ်ခြံဝန်းစိုက်ခင်းမြေများဝိုင်ဆိုင်ပါသည်။ စိုက်ပျိုးမြေများမှာ သွင်းရေရရှိနိုင်သောအရင်းအမြစ်မရှိဘဲမိုးရေကိုသာ အားကိုးစိုက်ပျိုးရသည်။ ကျောက်၊ သဲများကို ကျေးရွာအနီးတွင် အလွယ်တကူသယ်ယူရနိုင်ပါသည်။

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင်မိသားစု (၈၀) စုရှိပြီး လူဦးရေစုစုပေါင်း (၃၃၅) ဦးရှိပါသည်။ ပျမ်းမျှတစ်မိသားစုလျှင် (၅) ဦးမှ (၆) ဦးအထိ ရှိပါသည်။ အသက်(၁၅နှစ် မှ ၆၀နှစ်) အထိအလုပ်လုပ်နိုင်သော လူဦးရေ ၆၀.၃ % ရှိပြီး (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၀) နှစ် အထက် လူဦးရေစုစုပေါင်း ၃၉.၇ % သည် မှီခိုသူများ ဖြစ်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ဝိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာမိသားစုများ၏ အဓိကဝင်ငွေရလုပ်ငန်းများမှာ အာလူး၊ ပြောင်းဖူး၊ ပဲအမျိုးမျိုး၊ မြေပဲ၊ ခရမ်းချဉ်စသည်တို့ စိုက်ပျိုးခြင်းနှင့်သဲကျောက်တူးခြင်းတို့ဖြစ်သည်။ ကျေးရွာမိသားစုများ၏ဥစ္စာဓနအဆင့် ကိုကျေးရွာသူရွာသားများကိုယ်တိုင်သတ်မှတ်သည်မှာ ချောင်လည်အဆင့်မိသားစု (၁၆.၂၅%)၊ အလယ်အ လတ်အဆင့် (၂၇.၅%)၊ ဆင်းရဲအဆင့် (၄၂.၅%)နှင့် အလွန်ဆင်းရဲအဆင့် (၁၃.၇၅%) ဖြစ်ပါသည်။ ဥစ္စာဓနအဆင့်ခွဲခြားမှုအား မြေယာပိုင်ဆိုင်မှုဖြင့် အဓိကတိုင်းတားနိုင်ပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ဆင်းရဲအဆင့်နှင့် အလွန်ဆင်းရဲအဆင့်မိသားစု (၃၀)စုတို့၏ ဝမ်းစာဖူလုံမှုကိုစစ်တမ်းကောက်ယူကြည့်ရာ (၃၀%) သောမိသားစုများသည် သုံးလအောက်သာ ဝမ်းစာကို မချေးအငှားဘဲ

Scanned with CamScanner

Scanned with CamScanner

စားသောက်နိုင်ပြီး၊ (၄၃.၃%) သောအိမ်ထောင်စုများမှာ သုံးလမှငါးလအထိ ဖူလုံပြီး (၂၆.၇%) သော ဒေသားစုများမှာ ခြောက်လမှတစ်ဆယ့်နှစ်လအထိဖူလုံပါသည်။ သီးနှံစိုက်ပျိုးရေးတွင် ဓာတုဆေးဝါးများအလွန်အကျွံသုံးစွဲမှု၊ သစ်တောပြုန်းတီးမှုနှင့် မြေဆီလွှာတိုက်စားမှုမှာ ကျေးရွာအတွက်ထိခိုက်လာနိုင်မည့် အန္တရာယ်များပင်ဖြစ်ပါသည်။

(ဃ) ကျန်းမာရေး နှင့် အာဟာရ

ကျေးရွာတွင် ရောဂါကြီးကြီးမားမားဖြစ်ပွားမှုမရှိပါ။ ရာသီတုပ်ကွေးများသာ ဖြစ်ပွားတတ်ကြပြီး ဆီးချိုရောဂါဖြစ်ပွားသူ လူကြီးအနည်းငယ်သာရှိပါသည်။ ကျန်းမာရေးပြဿနာ ကြီးကြီးမားမားမရှိသော်လည်း တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာစားသုံးရေး၊ အရက်သေစာသောက်သုံးခြင်း၏ အန္တရာယ်စသည်တို့ဆိုင်ရာ အခြေခံကျန်းမာရေးအသိများ တိုးပွားရန်လိုအပ်မည်ဟု ကျေးရွာလူထု၏ နေထိုင်မှုပုံစံများကိုလေ့လာခြင်းဖြင့် သိရပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာတွင် စာတတ်မြောက်မှုမှာ (၄၅.၁) ရာခိုင်နှုန်းရှိပါသည်။ ကျေးရွာအတွင်း၌ မူလတန်းကျောင်းမရှိပါ။ ပညာရေးဘက်တွင် အားနည်းသည်ကိုတွေ့ရပါသည်။ အကြောင်းရင်းမှာ အရွယ်ရောက်လူငယ်လူရွယ် များမှာဒေသအခြေအနေအရ အိမ်ထောင်စောစောပြုကြရသောကြောင့် ဖြစ်ပါသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

အမျိုးသမီးနှင့် အမျိုးသားပညာတတ်မြောက်မှုနှုန်းမှာ ကွာခြားမှုမရှိသည်ကိုတွေ့ရပါသည်။ ကျေးရွာတွင်းအဖွဲ့အစည်းအသီးသီးတွင် အမျိုးသမီးပါဝင်မှုမရှိပါ။ သီးနှံစိုက်ပျိုးရေးလုပ်ငန်းခွင်တွင်အမျိုးသမီးများ မှာအမျိုးသားများနှင့် တန်းတူလယ်ယာအလုပ်ကိုလုပ်ကိုင်ကြပါသည်။

(ဌ) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

အုပ်ချုပ်ရေးအဖွဲ့တွင်သူကြီးနေရာကို ကျေးရွာသားများမှ တစ်လတစ်ကြိမ်ပြောင်းလဲ၍အုပ်ချုပ်ပါသည်။ ကျေးရွာတွင်း၌အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့ ၊ မြစိမ်းရောင်အဖွဲ့၊ လျှပ်စစ်မီးလင်းရေးအဖွဲ့တို့ရှိပါသည်။ ရပ်ရေးရွာရေးကိစ္စများကို အုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်မိရပ်ဖအဖွဲ့များက အဓိကဦးဆောင်ပါသည်။

Scanned with CamScanner

Scanned with CamScanner

(၉) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

အဓိကစိုက်ပျိုးသီးနှံမှာ အာလူး၊ပြောင်းဖူး၊ ပဲအမျိုးမျိုး၊ မြေပဲ၊ရေမိုးချဉ်တို့ ဖြစ်ပါသည်။ တောင်သူ (၁၇) အိမ်ထောင်စုခန့်ရှိပြီး စိုက်ပျိုးလယ်မြေ (၃၇.၅) ဧကနှင့် ယာမြေ (၉) ဧက၊ ဥယျာဉ်စိုးမြေ (၂ဧက) ရှိပြီး ပျမ်းမျှတောင်သူ တစ်ဦးလျှင် (၂) ဧကမှ (၃) ဧက ကြားဝိုင်းဆိုင်ကြသည်။ စိုက်ပျိုးရေးအတွက် မိုးရေကိုသာအဓိကအားကိုးပြီး လုပ်ကိုင်ကြပါသည်။ ဈေးကွက်မတည်ငြိမ်မှုမှာ စိုက်ပျိုးသူများအတွက် ပြဿနာတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် ဟင်းသီးဟင်းရွက်အပြင် အခြားနှစ်ရှည်သီးနှံပင်များ စိုက်ပျိုးရန်၊ ဟင်းသီးဟင်းရွက်ထွက်ကုန်များကို ကုန်ကြမ်းရောင်းချရုံမဟုတ် ဘဲကုန်ချောထုတ်လုပ်နိုင်ရန် အထိဆောင်ရွက်ရန်လိုအပ်ပါသည်။ ဈေးကွက်လိုအပ်ချက်အရ တန်ဖိုးမြှင့်ရောင်းချနိုင်သော အော်ဂဲနစ်ထုတ်ကုန်များထုတ်လုပ်နိုင်ရန် လည်းလိုအပ်ပါသည်။ သီးနှံထုတ်ကုန်များကို ပြည်တွင်းဈေးကွက်သာ ထုတ်လုပ်ရောင်းချသည့်စနစ်မှ ပြည်ပဈေးကွက်အထိကျယ်ပြန့်စွာတင်ပို့ရောင်းချနိုင်လျှင် စိုက်ပျိုးရေးလုပ်ငန်းဖြင့် ကျေးရွာဖွံ့ဖြိုးလာနိုင်ပါသည်။

ကျွဲ၊ နွား၊ ဝက်စသည်တို့ကို ဝင်ငွေရလုပ်ငန်းအဖြစ်ဆောင်ရွက်ရန် စားကျက်နှင့် တိရစ္ဆာန်အစာရရှိနိုင်မှု၊ ရာသီဥတုအခြေအနေပေးမှု စသည့်အခြေအနေကောင်းများရှိပါသည်။ သို့သော် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများကို ဝင်ငွေရလုပ်ငန်းအဖြစ် ဆောင်ရွက်မှုမရှိသလောက်နည်းပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာသူရွာသားအနည်းငယ်သာ တောင်းယက်ခြင်း၊ လက်သမား၊ ပန်းရံလုပ်ငန်း၊ သဲတူးခြင်းလုပ်ငန်းစသည်များကိုဆောင်ရွက်လျက်ရှိပြီး အခြားဝင်ငွေရလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နေမှုမရှိသလောက်နည်းပါသည်။ လုပ်ငန်းလုပ်ကိုင်ရန် အခွင့်အလမ်းမရှိ၍ဖြစ်ပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

တောင်ပေါ်ဒေသဖြစ်သည့်အလျောက် တောင်စောင်းမြေများတွင် သီးနှံစိုက်ပျိုးရသည့်အတွက် မြေဆီလွှာတိုက်စားမှုမှာကြီးမားသည့်ပြဿနာဖြစ်ပါသည်။ တောင်သူအများစုမှာ သမားရိုးကျစိုက်ပျိုးနည်းစနစ်များဖြင့်သာစိုက်ပျိုးကြပြီး မြေဆီလွှာထိန်းသိမ်းပြုပြင်နည်းစနစ်များ ကျင့်သုံးမှုအားနည်းပါသည်။ ဟင်းသီးဟင်းရွက်သီးနှံများ စိုက်ပျိုးရာတွင် ဓာတုဆေးဝါးများအလွန်အကျွံသုံးစွဲသည့်အတွက် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ၊ ဂေဟစနစ်ထိခိုက်မှုစသည့် အန္တရာယ်များလည်းကြီးမားလျက်ရှိပါသည်။ ထို့အပြင် မိသားစုစားသောက်နေထိုင်ရေးအတွက် ထင်းလောင်စာအသုံးပြုမှုများကြောင့် သစ်တောသစ်ပင်ပြုန်းတီးမှုမှာလည်း ကျေးရွာ၏အရေးကြီးသည့် အန္တရာယ်ဖြစ်လာပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကျေးရွာလူထုအဖွဲ့အစည်းစနစ်များ၊ နည်းပညာနှင့် အကူအညီများရရှိရေး အစီအမံများလိုအပ်လျက် ရှိပါသည်။

Scanned with CamScanner

Scanned with CamScanner

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ချေးငွေလက်လှမ်းမှီမှုမှာ စိုက်ပျိုးရေးလုပ်ငန်းအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှချေးငွေမရရှိပါ။ ယခုကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲ ဆွေးနွေးပွဲပြုလုပ်နေသောအချိန် စက်တင်ဘာ ၃ရက်၊ ၂၀၁၅ ခုနှစ်တွင် မြစိမ်းရောင်အဖွဲ့မှ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက်လည် ပတ်ရန်ပုံငွေအဖြစ် ကျပ်သိန်း (၃၀၀) ရရှိထားပါသည်။ မြို့ပေါ်ရှိ အပေါင်ဆိုင်များမှ ချေးငွေယူလျှင် လစဉ်အတိုး ၃ ရာခိုင်နှုန်း ပေးရပါသည်။ အပေါင်ပစ္စည်းကို အချိန်မရွေးပြန်ယူ၍ရပါသည်။ ပစ္စည်း အလိုက် ချေးငွေရရှိပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာသူရွာသား‌အများစုမှာ မူလတန်းနှင့် အလယ်တန်းပညာတတ်မြောက်ကြပါသည်။ အထက် တန်းပညာပြီးဆုံးသူ (၁၃) ဦးရှိပါသည်။ ကျောင်ဝင်နှုန်းအနေဖြင့် မူလတန်းကျောင်းဝင်နှုန်း ၁၀၀% ကျော်ရှိ ပြီး အလယ်တန်းကျောင်းဝင်နှုန်းမှာ (၂၉%) သာရှိပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုများအား ကျေးရွာနှင့် (၁) မိုင်ခန့် အကွာအဝေးရှိ ဝါးတောကျေးလက်ဆေးပေးခန်း၊ (၃) မိုင်အကွာရှိ လွိုင်လင်မြို့နယ်ဆေးရုံစသည်တို့မှ ရရှိနိုင်ပါသည်။

သောက်သုံးရေအနေဖြင့် စိမ်းစိမ်းရေထွက်တစ်ခုမှ သွယ်တန်းခြင်း၊ မိုးရေလှောင်ကန်များမှ ရရှိပြီး သန့်ရှင်းစိတ်ချရသော သောက်သုံးရေဖြစ်ရန် အနည်းဆုံးအနေဖြင့်ကျိုချက်ခြင်းပြုလုပ်ရန် လိုအပ်ပါသည်။

ကျေးရွာအိမ်ခြေ ၈၀ အိမ်အနက် ၇၃ အိမ်ထောင်စုသာ ယင်လုံအိမ်သာ သုံးစွဲလျက်ရှိပါသည်။ ကျန်ရှိသော အိမ်ထောင်စု (၇) စုမှာ တနေ့လုပ်တနေ့စားများဖြစ်၍အိမ်သာခွက်၊ ပိုက်ဝယ်ရန်အဆင် မပြေပေ။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

ဘာသာရေးလုပ်ငန်းများအနေဖြင့် လပြည့်လကွယ်၊ အဖိတ်၊ ဥပုဒ်ရက်များတွင် ဘုန်းကြီးကျောင်းဝေယျာဝစ္စများပြုလုပ်ပေးခြင်း၊ ဓမ္မာစကြာရွတ်ဆိုခြင်း၊ ပန်းဆီမီးကပ်လှူခြင်း၊ ဆွမ်းတော်ကပ်ခြင်း၊ ကျေးရွာဘာသာရေးပွဲများတွင် လူငယ်များအဖွဲ့လိုက် ပါဝင်ကူညီမှုပြုလုပ်ပေးခြင်း၊ ရေနွေးဝိုင်းဧည့်ခံခြင်း၊ ဘုရားသွားကျောင်းတက်၊ တရားထိုင်ခြင်း များပြုလုပ်ကြပါသည်။ လူငယ်အဖွဲ့များသည် ဥပုဒ်နေ့တိုင်းဥပုဒ်စောင့်လာကြသောသူများအား အကျွေးအမွေးဖြင့်လည်း ဧည့်ခံကျွေးမွေးပါသည်။ စာကြည့်တိုက်မရှိပါ။ အင်တာနက်အသုံးပြုသူနည်း၊ ဂျာနယ်ဖတ်သော အလေ့အကျင့်မရှိပါ။ မြန်မာစာဖတ်အားနည်းပြီး စာပေလေ့လာမှုအားနည်းပါ သည်။

Scanned with CamScanner

Scanned with CamScanner

(၈) အခြေခံအဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

လွိုင်လင်နှင့် ကျေးရွာသို့ဆက်သွယ်ထားသောလမ်းမှာ ကတ္တရာလမ်းဖြစ်၍ ၎၊ မိုး၊ ဆောင်းအဆင်ပြေစွာသွားလာနိုင်ပါသည်။ ကျေးရွာလယ်လမ်းမှာ မိုးရာသီသွားလာရခက်ခဲ၍ တောင်ကျရောင်းရေကျရိုန်တွင် အသက်အန္တရာယ်ပါစိုးရိမ်ရပြီး လမ်းပေါ်ရေကျော်၍ လမ်းပျက်စီးပါသည်။ ရွာအဝင်လမ်း (၁) မိုင် (၄) ဖာလုံကို ကျေးလက်ဦးစီးဌာနမှ ၂၀၁၄ ခုနှစ်တွင် ခင်းပေးထားပါသည်။ ရေကျော်၍ရေကျော်တံတားရေပြွန် (၁) စင်းရှိပြီးတောင်ပေါ်ရှိ ရွာပေါင်း (၁၃) ရွာမှဖြတ်၍လမ်းအသုံးပြုကြပါသည်။ ရွာအဝင်တံတားမှာ ၈ ပေ x ၈ပေx ၆ပေ ရှိ၍ ပင်လုံမြို့သို့အဓိကသွားရောက်၍ ကုန်စည်ကူးသန်းမှု ပြုလုပ်ရာနေရာဖြစ်ပြီး ၄င်းတံတားမှာ တံတားကျဉ်း၍ ကားကြီးများဖြတ်၍ မရပါ ။

လျှပ်စစ်ဓါတ်အားလိုင်း သွယ်တန်းပြီးဖြစ်ပါသည်။ ကျေးရွာတွင်တယ်လီဖုန်း ဆက်သွယ်ရေးကွန်ယက်အနေဖြင့် GSM ဖုန်းလိုင်းကိုသုံးစွဲနိုင်ပြီဖြစ်ပါသည်။ မီးရရှိသောအိမ်အများစုမှာ တီဗွီများရှိ၍ သတင်းစာနှင့် ဂျာနယ်ရောက်ရှိမှုမှာနည်းပါးသေး၍ ပင်လုံမြို့မှတစ်ဆင့် ဝယ်ယူဖတ်ရှုနိုင်ကြသော်လည်း စာပေလေ့လာမှုအားနည်းနေသေးပါသည်။ တယ်လီဖုန်းနှင့်ချိတ်ဆက်ပြီး အင်တာနက်သုံးစွဲမှုလည်းရှိနေပြီဖြစ်ပါသည်။ အင်တာနက်မှတစ်ဆင့် ဗဟုသုတရဖွယ်စာပေများကို ဖတ်ရှုနိုင်နေပြီဖြစ်ပါသည်။

(၈၂) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုကြီးကြီးမားမားမရှိပါ။ မြို့နယ်ရဲစခန်းနှင့် လက်လှမ်းမီပြီး လုံခြုံရေးအကူအညီများ ရရှိနိုင်ပါသည်။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

သီးနှံစိုက်ပျိုးရေးအတွက် ကောင်းမွန်သော မိုးရွာသွန်းမှုပုံစံရှိခြင်း၊ သီးနှံစုံဖြစ်ထွန်းနိုင်သော အပူချိန် စသည့် ရာသီဥတုအခြေအနေကောင်းများရှိခြင်းကြောင့် ဈေးကွက်ဝင်သီးနှံစုံ (ဥပမာ – စက်မှုသီးနှံ၊ သစ်သီး ပင်များ၊ ဟင်းသီးဟင်းရွက်များစသည်) စိုက်ပျိုးထုတ်လုပ်နိုင်သော အလားအလာကောင်းများရှိပါသည်။ ဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် မြန်မာပြည်တစ်ဝှမ်းစားသုံးရန်ဟင်းသီးဟင်းရွက်သစ်သီး ဝလံထုတ်လုပ်ခြင်းဖြစ်သည့်အတွက် သီးနှံရောင်းဝယ်ဖောက်ကားမှုဈေးကွက်လည်းရှိပြီးဖြစ်ပါသည်။ ထို့အပြင် လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ ရရှိရန်ခက်ခဲမှုမရှိသောဒေသတွင် တည်ရှိသည့်ကျေးရွာဖြစ်ပါသည်။ ကျေးရွာသူရွာသားများမှာလည်း ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်ခဲ့သော လုပ်ငန်းဖြစ်သည့်အလျောက် သီးနှံစိုက်ပျိုးရေးလုပ်ငန်းကို ကျွမ်းကျင်ကြပါသည်။

Scanned with CamScanner

Scanned with CamScanner

ရှမ်းပြည်နယ်တောင်ပိုင်းဒေသတွင် ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဈေးက ဝိုင်ထုတ်လုပ်ခြင်း၊ မုံညင်းအခြောက်ဖံခြင်းစသည့် ကုန်ချောထုတ်လုပ်မှုများ စတင်လုပ်ကိုင်လာကြပြီဖြစ်သည့်အတွက် ကျေးရွာ၏တောင်သူများအတွက် သီးနှံထုတ်လုပ်ရေးမှဝင်ငွေတိုးရှိရန် အခွင့်အလမ်းများပင်ဖြစ်ပါသည်။

ကျေးရွာပတ်ဝန်းကျင်တွင် ကုန်းမြင့်ယာမြေနှင့် ဥယျာဉ်ခြံများစိုက်ပျိုးနိုင်မည့် မြေသယံဇာတများရှိခြင်း၊ စားကျက်မြေအဖြစ် အသုံးပြုနိုင်သည့် သဘာဝသစ်တောမြေများရှိခြင်းကြောင့် သီးနှံထုတ်လုပ်ရေးနှင့် တိရစ္ဆာန်မွေးမြူရေးတို့ တိုးတက်လုပ်ကိုင်ရန် အခြေအနေကောင်းများပင်ဖြစ်ပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်းဒေသတွင်းတွင်တည်ရှိသည့် ကျေးရွာဖြစ်သည့်အတွက် ဒေသအနေအထားအရ ကျယ်ပြန့်သောဈေးကွက်သို့ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုကောင်းများအား လက်လှမ်းမီမှု ကောင်းမွန်ပါသည်။

(ဇ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

သီးနှံစုံစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားတစ်ခုမှာ စိုက်ပျိုးရေရှိရေးပင်ဖြစ် သည်။ ကျေးရွာစိုက်ခင်းများအား လက်ရှိတွင် မိုးကောင်းသောက်အဖြစ်စိုက်ပျိုးလျက်ရှိပါသည်။ ရာသီဥတုပြောင်းလဲမှုအရ မိုးခေါင်မှုများကြုံတွေ့လာရခြင်း၊ တစ်နှစ်ပတ်လုံး သီးနှံများများ စိုက်ပျိုးနိုင်ရေးတို့အတွက် စိုက်ပျိုးရေရှိရေးအစီအစဉ်များ ရှာဖွေဖော်ထုတ်ရန်လိုအပ်ပါမည်။

ဟင်းသီးဟင်းရွက်သီးနှံများ ရိတ်သိမ်းချိန် အခြားကျေးရွာ၊ အခြားဒေသများရိတ်သိမ်းချိန်နှင့်တိုက်ဆိုင်သည့်နှစ်များတွင် ဈေးကွက်ကျဆင်းမှုများနှင့် ကြုံရလေ့ရှိပါသည်။ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံသီးနှံများမှာ ပုတ်လွယ်ပျက်လွယ်သည့် ပစ္စည်းများဖြစ်သည့်အလျောက် ကြာရှည်သိုလှောင်ရန် အခက်ခဲရှိပါသည်။ စုပေါင်း၍သိုလှောင်သိမ်းဆည်းစနစ်များ လက်လှမ်းမီရေး၊ ကြာရှည်အထားခံသည့် ကုန်ချောထုတ်လုပ်နိုင်ရေးတို့မှာ စိန်ခေါ်မှုပင်ဖြစ်ပါသည်။

တောင်သူငယ်များအတွက် သီးနှံစိုက်ပျိုးစရိတ်၊ တိရစ္ဆာန်မွေးမြူစရိတ်၊ အသေးစားလုပ်ငန်းငယ်များ တည်ထောင်လည်ပတ်စရိတ်တို့အတွက် သင့်တော်သောငွေကြေးဝန်ဆောင်မှုမရရှိခြင်းမှာလည်း ကျေးရွာလူထုဖွံ့ဖြိုးရေးအတွက် အဟန့်အတားဖြစ်ပါသည်။

ဒေသတွင်းဌာနဆိုင်ရာများက ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များဖြင့် လာရောက်ကူညီဆောင်ရွက်နေသော်လည်း ကျေးရွာလူထု၏လိုအပ်ချက်အားထိရောက်စွာ ဖြည့်ဆီးနိုင်မည့်အစီအစဉ်မျိုးရရှိရန်လိုအပ် လျက်ရှိပါသည်။

Scanned with CamScanner

Scanned with CamScanner

(၆) ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက်ပန်းတိုင်

ကျွန်တော်တို့ ကျေးရွာသူ/ကျေးရွာသားများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက် များချမှတ်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်သောအဖွဲ့နှင့်တိုင် ပင်ပြီး အောက်ပါရည်မှန်းချက်များကို ချမှတ်ထားပါသည်။

(၁) ကျွန်ုပ်တို့ကျေးရွာတွင် သီးနှံထုတ်လုပ်ခြင်း၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ၊ အခြားဝင်ငွေရလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာပြီး ကျေးရွာမိသားစုများ၏ ဝင်ငွေတိုးတက်လာရေး၊

(၂) လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရန် အခြေခံအဆောက်အဦးများဖွံ့ဖြိုးတိုးတက်သော ကျေးရွာ ဖြစ်လာရေး၊

(၃) ရေရှည်တည်ဖွံ့ဖြိုးရေးအတွက် သဘာဝပတ်ဝန်းကျင်ကောင်းများ ပိုင်ဆိုင်သောကျေးရွာဖြစ်လာစေရေး၊

(၈) နည်းဗျူဟာ

(၁) အထက်ပါ ပန်းတိုင်များသို့ရောက်ရှိရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် အစိုးရဌာနများ၊ အခြားပြင်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ဆက်သွယ်၍ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များအား ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သည်။ ပြင်ပမှ နည်းပညာ၊ ငွေကြေးစသည့်အကူအညီများရရှိရေးအတွက် ဦးဆောင်မည်ဖြစ်သည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာအတွင်းရှိအခြားအဖွဲ့၊ ကော်မတီများဖြင့်လည်းညှိနှိုင်း၍ တာဝန်များကို ခွဲဝေအပ်နှင်းဆောင်ရွက်မည်။

(၂) ဒေသရာသီဥတုနှင့်ကိုက်ညီသည့် စိုက်ပျိုးနိုင်သော နှစ်ရှည်သီးပင်များဖြစ်သည့် သံပုရာ၊ ကော်ဖီ၊ ထောပတ်၊ သစ်မွေး၊ မက်မန်းကဲ့သို့သောသီးပင်များကို စိုက်ပျိုးလုပ်ဆောင်ရာတွင် မျိုးကောင်းမျိုးသန့်များရရှိ၍ တစ်ဧကအထွက်နှုန်းတိုးတက်လာစေရန် လုပ်ဆောင်သွားမည်ဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍမှ လက်ရှိထုတ်လုပ်နေသည့်ကုန်ကြမ်းများကို ကုန်ချောအဆင့်သို့ မြှင့်တင်နိုင်ရန် နည်းပညာနှင့် ဗဟုသုတများကိုရယူနိုင်ရန် ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆက်သွယ်ဆောင်ရွက်သွားမည်။ ဈေးကွက်လိုအပ်ချက်ဖြစ်သော တန်ဖိုးမြင့်အော်ဂဲနစ်ထုတ်ကုန်များ ထုတ်လုပ်နိုင်သည်အထိ နည်းပညာများရရှိရေး သွင်းအားစုများရရှိရေးကို အစိုးရဌာနဆိုင်ရာနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆက်သွယ်ဆောင်ရွက်သွားမည်။

(၃) ဒေသရာသီဥတုနှင့်ကိုက်ညီသည့် စိုက်ပျိုးနိုင်သော နှစ်ရှည်သီးပင်များဖြစ်သည့် သံပုရာ၊ ကော်ဖီ၊ ထောပတ်၊ သစ်မွေး၊ မက်မန်းကဲ့သို့သောသီးပင်များကို စိုက်ပျိုးလုပ်ဆောင်ရာတွင် မျိုးကောင်းမျိုးသန့်များရရှိ၍ တစ်ဧကအထွက်နှုန်းတိုးတက်လာစေရန် လုပ်ဆောင်သွားမည်ဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍမှ လက်ရှိထုတ်လုပ်နေသည့်ကုန်ကြမ်းများကို ကုန်ချောအဆင့်သို့ မြှင့်တင်နိုင်ရန် နည်းပညာနှင့် ဗဟုသုတများကိုရယူနိုင်ရန် ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆက်သွယ်ဆောင်ရွက်သွားမည်။ ဈေးကွက်လိုအပ်ချက်ဖြစ်သော တန်ဖိုးမြင့်အော်ဂဲနစ်ထုတ်ကုန်များ ထုတ်လုပ်နိုင်သည်အထိ နည်းပညာများရရှိရေး သွင်းအားစုများရရှိရေးကို အစိုးရဌာနဆိုင်ရာနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆက်သွယ်ဆောင်ရွက်သွားမည်။

(၃) ထို့အပြင် ကျွဲ၊ နွားတိရစ္ဆာန် တိုးပွားလာစေရန် ရေရှည်စီမံချက်များ ချမှတ်အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

(၄) ကျေးရွာလူထုအတွက် လုပ်ငန်းအခွင့်အလမ်းများ ပိုမိုကျယ်ပြန့်လာရေးအတွက် သီးနှံနှင့် မွေးမြူရေးထွက်ကုန်များ ထုတ်လုပ်ရောင်းချရေးဆိုင်ရာ အသေးစားလုပ်ငန်းများ

Scanned with CamScanner

Scanned with CamScanner

တည်ထောင်ခြင်း၊ ဧရိယာသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများစသည်တို့လုပ်ကိုင်နိုင်ရန် ကျေးရွာလူထုအတွက် စွမ်းရည်မြှင့်တင်ရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းရရှိအောင် မြှုနယ် ဌာနဆိုင်ရာများသို့ တင်ပြတောင်းဆိုမည်။

(၅) သက်ဆိုင်ရာဌာနများ၏အကူအညီကိုရယူ၍ ကျေးရွာလူငယ်များ၏ ကျောင်းပညာရေးနှင့် အသက်မွေးဝမ်းကြောင်းပညာများ တိုးတက်လာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းမှုတိုးတက်ရေးတို့အတွက် ရေရှည်စီမံချက်များကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် အခြားသက်ဆိုင်ရာကော်မတီတို့ ပူးပေါင်းရေးဆွဲအကောင်အထည်ဖော်ပါမည်။

(၆) မြေဆီလွှာထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ရှိသဘာဝပေါက်ပင်နှင့် သစ်တောများ ပြုန်းတီးမှု လျော့ချရေးတို့အတွက် သက်ဆိုင်ရာဌာနများ၏အကူအညီယူ၍ အမြင်ဖွင့်သင်တန်းများရယူခြင်း၊ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ခြင်းတို့ဆောင်ရွက်မည်။

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများက ကျွန်တို့ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သောအကူအညီများတောင်းခံနိုင်ရန် ဆက်သွယ်ရမည့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်ထိ အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများက ကျွန်တို့ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သောအကူအညီများတောင်းခံနိုင်ရန် ဆက်သွယ်ရမည့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်ထိ အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

(ခ) နည်းပညာအကူအညီပေးရေးဝန်ဆောင်မှုလုပ်ငန်းများ

ကျေးရွာလူထုသည် သီးနှံတိုးတက်ထုတ်လုပ်မှုကဏ္ဍတွင် ဈေးကွက်ဝင်နှစ်ရှည်သီးနှံစိုက်ပျိုးရေး၊ ဟင်းသီးဟင်းရွက်သီးနှံစုံစိုက်ပျိုးရေး၊ ယင်းသီးနှံများအား သမားရိုးကျမဟုတ်ဘဲ အော်ဂဲနစ်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေး၊ စိုက်ပျိုးသောသီးနှံများအားထုတ်ပိုးမှု၊ သိုလှောင်သိမ်းဆည်းမှုဆိုင်ရာ အသုံးပြုမှုနည်းပညာနှင့် နည်းစနစ်များ၊ ဖော်ပြပါထုတ်ကုန်များအား ကုန်ချောထုတ်လုပ်မှု

Scanned with CamScanner

Scanned with CamScanner

ဆိုင်ရာနည်းပညာများစသည်တို့အား တတ်ကျွမ်းနားလည်ရေးနှင့် အသုံးချနိုင်ရေးအတွက် နည်းပညာဝန်ဆောင်မှုများလိုအပ်ပါမည်။ အလားတူပင်မွေးမြူရေးကဏ္ဍတွင် တိရစ္ဆာန်ရောဂါကာကွယ်ကုသရေး၊ ဖြစ်လောင်တစ်နိုင်တစ်ပိုင် မွေးမြူရေးစနစ်ဖြင့် မွေးမြူနည်းများ၊ ဓရိုးသွားလာရေးဆိုင်ရာဝန်ဆောင်မှုများနှင့်ဆက်စပ်သည့် ကျွမ်းကျင်မှုဆိုင်ရာနည်းပညာများလည်း လိုအပ်ပါမည်။ မြို့နယ်အဆင့်ရှိ အဖွဲ့အစည်းများအနေဖြင့် ဖော်ပြပါကိစ္စများအတွက် ကျေးရွာလူထု၏လိုအပ်ချက်များအား သိသိရောက်ရောက် ကူညီပံ့ပိုးနိုင်မည့် အစီအစဉ်များလိုအပ်ပါမည်။

(ဂ) ထုတ်လုပ်မှုလုပ်ဝန်းများတိုးတက်ရန် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများတိုးတက်ရေး

မြို့နယ်အဆင့်တွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးမှုသာ ကျေးရွာထုတ်ကုန်နှင့် ဝန်ဆောင်မှုများအတွက် ကုန်စည်စီးဆင်းမှုများကောင်းမွန်မည်ဖြစ်ပါသည်။ ထို့ကြောင့် သီးနှံထုတ်လုပ်ရေးနှင့် မွေးမြူရေးလုပ်ငန်းသုံး သွင်းအားစုများရောင်းဝယ်ဖောက်ကားရေး၊ ထုတ်ကုန်များသိုလှောင်ရေး၊ ရောင်းဝယ်ဖောက်ကားရေးတို့အတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများဖွံ့ဖြိုးရန် အခြေအနေကောင်းများဖန်တီးနိုင်မည့် မူဝါဒများလိုအပ်ပါမည်။

(ဃ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက်လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။

(င) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာ များအဖြစ်သို့ရောက်ရှိအောင် အောက်ခြေအထိလုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီမံကိန်းငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ်လိုအပ်ပါမည်။

(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ်ကျော်လာချိန်တွင် စီမံကိန်းငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီးလုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသောသဘာဝဘေး အန္တရာယ်သက်ရောက်မှုများမရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည်မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များအား ရှိလာနိုင်ပါသည်။

Scanned with CamScanner

Scanned with CamScanner

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက်ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူ စေရန်ဦးတည်ပါသည်။ ဒေသတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်း လဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ဝါးနှစ်တာအတွက် ရေးဆွဲထားသောဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင်နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်** ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသ တ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါ မည်။ Functional classification သည်ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့်သက်ဆိုင် သောစီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည်စီမံချက်များ၏ အကျိုးရလဒ်ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင် ရွက်ရေးအတွက် လိုအပ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

(၁) ငွေလုံးငွေရင်း အသုံးစရိတ် (Capital Investment) ဥပမာ–ဆောက်လုပ်ရေးပစ္စည်း များနှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းဆောင်ရည်မြှင့်တင်ရေး (Capacity Building) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစ သည့် အသုံးစရိတ်၊

(၃) အထွေထွေရင်းနှီးမြှုပ်နှံမှု (ငွေကြေး ရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေးလုပ် ငန်းများ ပေါင်းစပ်လျက်)၊

(၄) လူသားချင်း စာနာမှု အထောက်အပံ့။

(က) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင်ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာ

Scanned with CamScanner

Scanned with CamScanner

သားအုပ်စု (၄) စုထဲမှ (၁၀) ဦးကဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အဆို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို ဖြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

Scanned with CamScanner

Scanned with CamScanner

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစိမ်ချက်များမှာ -

ကဏ္ဍ/ အကြောင်းအရာ	စိမ်ချက်	ရမှတ် ပေါင်း	အဆင့်	စိမ်ချက်အကြောင်းအရာဖော်ပြချက်	မှတ်ချက်
စိုက်ပျိုးရေးကဏ္ဍ					
	• သီးနှံထုတ်လုပ်မှုတိုးတက်ရေးအတွက်စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတ၊ကျွမ်းကျင်မှုများရရှိ အောင်ဆောင်ရွက်ခြင်း			• ဈေးကွက်ဝင်သီးနှံအမျိုးအစားများတိုးတက်စိုက်ပျိုး နိုင်အောင်ဆောင်ရွက်ခြင်း • ဩဂဲနစ်သီးနှံများထုတ်လုပ်နိုင်ရေးအတွက်သင်တန်းများ၊ အော်ဂဲနစ်သွင်းအားစုများ သုံးစွဲနိုင်ရေး • ဈေးကွက်နှင့်ပက်သက်သောအချက်အလက်များဖြန့် ဝေပေးနိုင်မည့် နည်းပညာပေးအဖွဲ့များနှင့် ချိတ်ဆက်ခြင်း။ • လက်တွန်းထွန်စက် အသေး (၅) စီး • စပါးဘဏ် • စိုက်မွေးဝင်ငွေတိုးအရင်းအနှီး • မြို့ကောင်းနှစ်ရှည်ပင် (သစ်မွေး၊နံ့သာဖြူ၊ထောပတ်၊ သစ်မွေး၊မက်မန်း)	
မွေးမြူရေး	• တစ်နိုင်တစ်ပိုင်တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများတိုးတက်လုပ်ကိုင်နိုင်ရေးဆောင်ရွက်ခြင်း			• နွား၊ဆိတ်၊ဝက်၊ ကြက် တစ်နိုင်တစ်ပိုင်မွေးမြူရေး	•
ပညာရေး	• ကျေးရွာစာသင်ကျောင်းအခြေခံအဆောက်အဦးနှင့်အသုံးအဆောင်များပြုပြင်ခြင်းနှင့်အ			• မိဘဆရာအသင်း၊ • ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့မှဦးဆောင်၍ ကျေးရွာမှ ငွေကြေးကောက်ခံရန်။	•

Scanned with CamScanner

ကဏ္ဍ/ အကြောင်းအရာ	စီမံချက်	ရမှတ် ပေါင်း	အဆင့်	စီမံချက်အကြောင်းအရာဖော်ပြချက်	မှတ်ချက်
	သစ်တည်ဆောက်ခြင်း			• ကျောင်းပရိဘောဂ၊ ကျောင်းဝန်ထမ်းအိမ်ယာ • ကျောင်းအိမ်သာ၊ စာကြည့်တိုက်၊ ပရိဘောဂ	
ကျန်းမာရေး					
	ကျေးရွာ၏ပတ်ဝန်းကျင်သန့်ရှင်းရေး နှင့်ရေကောင်းရေသန့်ဖူလုံမှုတိုးတက်ရေး			• သောက်သုံးရေလှောင်ကန်(၅)ကန်အမိုးပြုလုပ်ရန် • ကျန်းမာရေးဝန်ထမ်းများအသိပညာပေးဟောပြောပွဲများစီစဉ်ခြင်း။ • ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲခြင်း	• DRD
အခြားဝင်ငွေရလုပ်ငန်းများ					
	အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး			• အသက်မွေးဝမ်းကျောင်းဆိုင်ရာကျွမ်းကျင်မှုသင်တန်းပေးခြင်း။ • သီးနှံ၊ မွေးမြူရေးထွက်ကုန်နှင့် ကျောက်မီးသွေး၊ သဲကျောက်ကဲ့သို့အခြားသဘာဝထွက်ကုန်များကုန်ချောထုတ်လုပ်ခြင်းဆိုင်ရာလုပ်ငန်းအခွင့်အလန်းများဖွံ့ဖြိုး ရေး။ • ဈေးကွက်ထိုးဖောက်မည့်အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ခြင်း။ • အလုပ်အကိုင်အခွင့်အလမ်းတိုးတက်လာစေရန်လုပ်ငန်းရှင်များနှင့် ဆက်သွယ်ခြင်း။	• DRD
သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး					
	သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်များဆောင်ရွက်ခြင်း			• သစ်တောထိန်းသိမ်းရေးဆိုင်ရာအသိပညာများတိုးတက်အောင်ဆောင်ရွက်ခြင်း • ထင်းကုန်သက်သာမီးဖို၊ထင်းအစားထိုးလောင်စာများ၊စွမ်းအင်များအသုံးပြုနိုင်အောင်ဆောင်ရွက်	•

Scanned with CamScanner

Scanned with CamScanner

ကဏ္ဍ/ အကြောင်းအရာ	စီမံချက်	ရမှတ် ပေါင်း	အဆင့်	စီမံချက်အကြောင်းအရာဖော်ပြချက်	မှတ်ချက်
				ခြင်း • မြေဆီလွှာထိန်းသိမ်းရေးအစီအစဉ်များ	
လမ်းပန်း ဆက်သွယ် ရေး					
လမ်း၊ တံတား ကောင်းမွန် လာစေရေး	• အခြေခံအဆောက်အဦးတိုး တက် ကောင်းမွန်စေရေး			• လမ်း၊တံတားကော်မတီဖွဲ့စည်းခြင်း။ • ရွာလယ်လမ်း (၂) လမ်း ပြုပြင်ခြင်း။ (၂မိုင်၁၅) • ရေပိုက်လိုင်းပြုပြင်ခြင်း	
အုပ်ချုပ်ရေးကဏ္ဍ				• ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းဆောင်ရွက် ခြင်း	
အုပ်ချုပ်ရေးကဏ္ဍ တိုးတက်မှု	အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စွမ်းရည် မြှင့်တင်ပေးရေး။			• အလုပ်အမှုဆောင် ဏာ်မတီများဖွဲ့စည်းခြင်း • ခေါင်းဆောင်မှုနှင့်ဆွေးကြေးစီမံခန့်ခွဲမှုသင်တန်း များ စီစဉ်ခြင်း • ဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး သင်တန်းများစီစဉ်ခြင်း	

Scanned with CamScanner

Scanned with CamScanner

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုကဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန်စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ရေးဆွဲထား ပါသည်။ ကျေးရွာမဲ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင်ဖော်ပြထားပါသည်။

စဉ်	စီမံချက် (Project)	ဦးစားပေးအဆင့်	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀
၁	သီးနှံထုတ်လုပ်မှုတိုးတက်ရေးအတွက်ရိတ်စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတ၊ကျွမ်းကျင်မှုများရရှိအောင်ဆောင်ရွက်ခြင်း	၁	✓	✓	✓		
၂	ကျေးရွာ၏ပညာရေးအဆောက်အဦးများပြုပြင်ခြင်း၊အသစ်ဆောက်လုပ် ၏ခြင်း	၂	✓				
၃	ကျေးရွာ၏ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်ရေကောင်းရေသန့်ဖူလုံမှုတိုးတက်ရေး	၃	✓	✓			
၄	အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး	၄	✓	✓	✓	✓	✓
၅	တစ်နိုင်တစ်ပိုင်တိုးရစ္စာန်မွေးမြူရေးလုပ်ငန်းများတိုးတက်လုပ်ကိုင်နိုင်ရေးဆောင်ရွက်ခြင်း	၅	✓				
၆	သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်များဆောင်ရွက်ခြင်း	၆					

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရွေးချယ်ဗျူဟာ

ကျေးရွာမဲ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများကို ဖော်ထုတ်ပြီးဖြစ်ပါ သည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ် ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည် ဖော်ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့်ကာလ၊ အခြေခံ အဆောက်အဦးကို ပြုပြင်ထိန်းသိန်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သောစီမံကိန်းများကိုဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာအသေးစိတ် အထောက်အပံ့ များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန်လိုအပ်ပါ

Scanned with CamScanner

Scanned with CamScanner

သည်။ စီမံချက်များအကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေးရရှိနိုင်မှုအပေါ်အခြေခံပြီး နှစ်စဉ်ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စရပ်များနှင့် အစိုးရဘတ်ဂျက်များ အပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလ အတွက်ရေးဆွဲထားသောဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင်နှစ်အလိုက် အကောင်အထည်ဖော်ဆောင် ရွက်မည့်လုပ်ငန်းအစီအစဉ်များအတွက် ပြင်ဆင်ရမည်ဖြစ်သည်။

အောက်ပါဇယားတွင်ဖော်ပြထားသော စီမံကိန်းအလိုက်ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative) အဖြစ်ကိုးကားရန်ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့ အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင် မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ	သာမန်အသုံးစရိတ်	ရင်းနှီးမြှုပ်နှံမှုအရာအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
				ငွေလုံးငွေရင်းအသုံးစရိတ်			လူသားအထောက်အပံ့
				ငွေလုံးငွေ	စွမ်းဆောင်ရည်မြှင့်တင်ရေး	ချင်းစာနာမှု	
၁	သီးနှံထုတ်လုပ်မှုတိုးတက်ရေးအတွက်စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတ၊ကျွမ်းကျင်မှုများရရှိအောင်ဆောင်ရွက်ခြင်း						
၂	ကျေးရွာ၏ပညာရေးအဆောက်အဦးများပြုပြင်ခြင်း၊အသစ်ဆောက်လုပ်ခြင်း						
၃	ကျေးရွာ၏ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်ရေကောင်းရေသန့်ဖူလုံမှုတိုးတက်ရေး						
၄	အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး						
၅	တစ်နိုင်တစ်ပိုင်တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများတိုးတက်လုပ်ကိုင်နိုင်ရေးဆောင်ရွက်ခြင်း						

Scanned with CamScanner

Scanned with CamScanner

			ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
စဉ်	စီမံချက်	ရန်ပုံငွေ	သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားဗျင်းစာရွက်အဝတောက်အပုံ
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၆	သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်များဆောင်ရွက်ခြင်း					

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်းရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့်တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြိုးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ

Scanned with CamScanner

Scanned with CamScanner

- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှု ဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထား သောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြိုးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီး ကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ယေးထားသောအဖွဲ့၏ တာဝန်သာဖြစ် ပါသည်။ အရှုံကိစ္စများတွင်ကြိုးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါ မည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦး ဆောင်၍ မြို့ နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ် များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံး ပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်း တို့ဆောင် ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ ပမာဏကို ကန့်သတ် ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက်သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေး အတွက်လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

(ဃ) စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်ရာတွင် တိုးတက်မှုအခြေ အနေများအား စနစ်တကျကြိုးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြိုးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာရည် ရွယ်သည့်အတိုင်း ကြိုးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ပါ လိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အကောင်အထည် ဖေါ်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ် ငန်းများကို ကြိုကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော် သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

Scanned with CamScanner

Scanned with CamScanner

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့်ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု (financial progress) တို့ကို စနစ်တကျကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃) လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင်ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း (indicator)များ ဖြစ်ပါမည်။ (၃) လပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့်အဖွဲ့အသီးသီးသည် ၄င်းတို့၏ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေးဌာ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) **လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)**

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲ၊ အဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) **ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)**

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃) လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃) လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကိုအဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သော အကူအညီအထောက်အပံ့များစသည်တို့ပါဝင်ပါမည်။

Scanned with CamScanner

Scanned with CamScanner

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးဖျိန်တွင် စီမံကိန်း၏တိုးတက်မှုအခြေအနေကို ဘက်စုံရွေထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်တို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာကဖိတ်ကြား အသိပေးတင်ပြနိုင်သောအခွင့်အလမ်းများဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

Scanned with CamScanner

Scanned with CamScanner

(၁) ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %	မှတ်ချက်
၁ နှစ်အောက်	၆	၆	၁၂	၃.၆%	နို့စို့အရွယ်
၁ နှစ်မှ ၅နှစ်	၂၀	၁၉	၃၉	၁၁.၆%	၅နှစ်အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၁၄	၁၄	၂၈	၈.၄%	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄နှစ်	၁၃	၂၁	၃၈	၁၁.၃%	အလယ်တန်းကျောင်းသား အရွယ်
၁၅ နှစ်မှ ၆၀ နှစ်	၉၂	၁၁၀	၂၀၂	၆၀.၃%	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀ နှစ် နှင့်အထက်	၆	၁၀	၁၆	၄.၈%	သက်ကြီးရွယ်ကြီး
စုစုပေါင်း	၁၅၁	၁၈၄	၃၃၅	၁၀၀%	
အိမ်ထောင်စုပေါင်း (၈၀)			တစ်အိမ်ထောင်စုပျှမ်းမျှလူဦးရေ (၅-၆)ဦး		

ရည်ညွှန်း။ ကျေးရွာအခြေအနေကို ရွာသူရွာသား များကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၃-၅၊ စက်တင်ဘာလ၊ ၂၀၁၅)

ကျေးရွာတွင်မိသားစု (၈၀) စု ရှိပြီး လူဦးရေစုစုပေါင်း (၃၃၅) ဦး ရှိပါသည်။ ပျမ်းမျှ တစ်မိသားစုလျှင် (၅) ဦးမှ (၆) ဦးအထိ ရှိပါသည်။ အသက် (၁၅နှစ်မှ၆၀နှစ်) အထိ အလုပ်လုပ်နိုင်သော လူဦးရေ ၆၉.၁ % ရှိပြီး (၁၅) နှစ်အောက် လူဦးရေနှင့် အသက် (၆၀) နှစ် အထက် လူဦးရေစုစုပေါင်း ၃၀.၉ % သည် မှီခိုသူများ ဖြစ်ကြပါသည်။

(၁.၂) လုပ်သားအင်အား

ဇယား (၂) လုပ်သားအင်အား

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
၁	*စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)*				
	ကိုယ်ပိုင် လုပ်ငန်း	၆၄	၈၀.၀	၅	(၃)အိမ်ထောင်စုသည်တောင်းယက်လုပ်ငန်းနှင့်တွဲဖက်၍လုပ်ကိုင်၊(၂)အိမ်ထောင်စုသည်ကျွဲနွားရောင်း/ဝယ်ခြင်းလုပ်ငန်းကိုလုပ်ကိုင်ကြသည်။
	အလုပ်သမား၊ကျပန်း၊ရာသီ	၆			(၆)အိမ်ထောင်စုသည်လက်သ

Scanned with CamScanner

Scanned with CamScanner

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
	အလိုက် အလုပ်သမား				မားပန်းရံနောက်လိုက်လုပ်ခြင်း၊ ကိုစိုက်ပျိုးနှင့်တွဲဖက်၍လုပ်ကိုင်ခြင်း၊(ဂ)အိမ်ထောင်စုသည်ကျပန်း အလုပ်ကိုစိုက်ပျိုးရေးနှင့် တွဲဖက်၍လုပ်ကိုင်ပါသည်။
	မိသားစုဝင် လုပ်အား				
J	***တိရစ္ဆာန် မွေးမြူရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၄	၅.၀%		ကျွဲမွေးမြူရေးလုပ်ငန်းလုပ်သူ(၃) အိမ်ထောင်စု၊နွားမွေးမြူရေးလုပ်ငန်းလုပ်သူ(၁)အိမ်ထောင်စုရှိ။
	အလုပ်သမား၊ကျပန်း၊ရာသီ အလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၃	***ငါးဖမ်း လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ကျပန်း၊ရာသီ အလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၄	***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ကျပန်း၊ရာသီ အလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၅	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၄	၅.၀%	၃	(၄)အိမ်ထောင်စုတောင်းယက်လုပ်ငန်း၊(၃)အိမ်ထောင်စုသည် စိုက်ပျိုးရေးလုပ်ငန်းနှင့်တွဲဖက်၍လုပ်ကိုင်
	အလုပ်သမား၊ကျပန်း၊ရာသီ အလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၆	***လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ကျပန်း၊ရာသီ အလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၇	***ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း	J	J.၅%		လက်သမားဆရာ(၂)ဦး

Scanned with CamScanner

Scanned with CamScanner

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
	အလုပ်သမား၊ကျပန်း၊ရာသီ အလိုက် အလုပ်သမား မိသားစုဝင် လုပ်အား:			၆	လက်သမား၊ပန်းရံနောက်လိုက် (လယ်ယာစိုက်ပျိုးရေးနှင့် တွဲဖက် ၍လုပ်ကိုင်
၉	*ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြုပြင်ထိန်းရေး* ကိုယ်ပိုင် လုပ်ငန်း: အလုပ်သမား၊ကျပန်း၊ရာသီ အလိုက် အလုပ်သမား: မိသားစုဝင် လုပ်အား:				
၉	*ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)* ကိုယ်ပိုင် လုပ်ငန်း: အလုပ်သမား၊ကျပန်း၊ရာသီ အလိုက် အလုပ်သမား: မိသားစုဝင် လုပ်အား:				
၁၀	*လက်လီ-လက်ကား ရောင်းဝယ်ရေး* ကိုယ်ပိုင် လုပ်ငန်း:	၆	၇.၅%		ဓါတ်ဆီဆိုင်(၂)ဆိုင်၊ကုန်စုံဆိုင် (၄)ဆိုင်
	အလုပ်သမား၊ကျပန်း၊ရာသီ အလိုက် အလုပ်သမား: မိသားစုဝင် လုပ်အား:				
၁၁	*ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း:* ကိုယ်ပိုင် လုပ်ငန်း: အလုပ်သမား၊ကျပန်း၊ရာသီ အလိုက် အလုပ်သမား: မိသားစုဝင် လုပ်အား:				
၁၂	*ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး* ကိုယ်ပိုင် လုပ်ငန်း: အလုပ်သမား၊ကျပန်း၊ရာသီ အလိုက် အလုပ်သမား: မိသားစုဝင် လုပ်အား:				
၁၃	*ငွေရေး ဝန်ဆောင်မှု လုပ်ငန်း: (ဘဏ် နှင့် ငွေရေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း:)* ကိုယ်ပိုင် လုပ်ငန်း: အလုပ်သမား၊ကျပန်း၊ရာသီ အလိုက် အလုပ်သမား: မိသားစုဝင် လုပ်အား:				
၁၄	*အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ* ကိုယ်ပိုင် လုပ်ငန်း:				

Scanned with CamScanner

Scanned with CamScanner

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
	အလုပ်သမား၊ကျပန်း၊ရာသီ အလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၁၅	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် အေးကင်းလုံခြုံရေး) ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ကျပန်း၊ရာသီ အလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၁၆	*ပညာရေး* ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ကျပန်း၊ရာသီ အလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၁၇	*ကျန်းမာရေး* ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ကျပန်း၊ရာသီ အလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၁၈	*လူမှုရေး လုပ်ငန်းများ* ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ကျပန်း၊ရာသီ အလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၁၉	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ) ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ကျပန်း၊ရာသီ အလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၂၀	ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ကျပန်း၊ရာသီ အလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
	စုစုပေါင်း	၈၀	၁၀၀ %	၂၀	

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရှိသော သတင်း အချက်အလက်များ(၃-၅၊ စက်တင်ဘာလ၊ ၂၀၁၅)

Scanned with CamScanner

Scanned with CamScanner

စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူအိမ်ထောင်စု (၈၀) ရာခိုင်နှုန်းရှိပြီး မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ (၅) ရာခိုင်နှုန်းသာရှိပါသည်။ အရောင်းဝယ်လုပ်ကိုင်သူ (၂) ဦးမှာ ကျွဲ၊ နွား ရောင်းဝယ်ခြင်းလုပ်ကိုင်ပါသည်။ ဈေးကွက်နှင့်နီးသော်လည်း လေ့လာမှုအားနည်းပါသည်။ ဒေသထွက် သီးနှံများကုန်ကြမ်းများ ထွက်ရှိမှုနည်းပါးပါသဖြင့် ကုန်ရောထုတ်လုပ်နိုင်ရန် အခွင့်အလမ်းမရှိပါ။ ကျေးရွာအတွင်းရှိအမျိုးသားနှင့် အမျိုးသမီးများသည် အများအားဖြင့်နယ်မြေအနေအထားအရ ထိုင်းနိုင်ငံရှိစက်ရုံများသို့သွားရောက်လုပ်ကိုင်ကြပါသည်။

(၁.၃) စိုက်ပျိုးနိုင်သောမြေဧရိယာ

(၁.၃.၁) ကျေးရွာ၏စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၃) ကျေးရွာ၏စိုက်ပျိုးနိုင်သောမြေဧရိယာ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေးကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ရေပေးနိုင်သည့်ဧက)
လယ်မြေ	၃၇.၅	ညံ့	မရ	မိုးကောင်းသောက်
ယာ (ရေခြံ)	၉	သင့်	မရ	မိုးကောင်းသောက်
ဥယျာဉ်	၂	သင့်	မရ	မိုးကောင်းသောက်
အိမ်ခြံဝင်းစိုက်ခင်း	၄၁	သင့်	မရ	မိုးကောင်းသောက်
သစ်တောမြေ	၅၀	ကောင်း	မရ	
စုစုပေါင်း				

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၃-၅၊ စက်တင်ဘာလ၊ ၂၀၁၅)

ကျေးရွာတွင်ရေထွက်နှစ်ခုရှိသော်လည်း ကျေးရွာအပြင်မြို့ပေါ် အိမ်ထောင်စုများပါခွဲဝေသုံးစွဲကြပါသည်။ သောက်သုံးရေသာလျှင်ရရှိပြီး စိုက်ပျိုးရေအတွက် ရေစနစ်တကျစီမံခန့်ခွဲရန် လိုအပ်လျက်ရှိပါသည်။ မြေဩဇာအသင့်အတင့်သာ ကောင်းမွန်သောစိုက်ပျိုးမြေများဖြစ်ပါသည်။ စိုက်ပျိုးရေးအတွက် မိုးရေကိုသာအဓိကအားကိုးပြီး လုပ်ကိုင်ကြပါသည်။ လယ်မြေဧက (၃၇.၅) ဧကရှိပြီး အိမ်ထောင်စု (၁၇) စုမှလုပ်ကိုင်ကြပါသည်။ ယာ(ရေခြံ) (၉) ဧကရှိပြီး အိမ်ထောင်စု (၃) စုမှလုပ်ကိုင်ကြပါသည်။ ဥယျာဉ် (၂) ဧကရှိ၍ အိမ်ထောင်စု (၂) စုမှ လုပ်ကိုင်ကြပါသည်။ အိမ်ခြံဝင်းစိုက်ဧက (၄၁) ဧကရှိ၍ အိမ်ထောင်စု (၄၄) စုမှလုပ်ကိုင်ကြပါသည်။ နှစ်ရှည်စိုက်ပျိုးသီးနှံများ အစားထိုးစိုက်ပျိုးနိုင်သော်လည်း အရင်းအနှီးနှင့် နည်းပညာမသိရှိပေ။ အိမ်ခြံဝင်းသီးနှံစိုက်ပျိုးမြေတွင် ပဲအမျိုးမျိုး၊ သခွား၊ ဖရုံ၊ ငှက်ပျော၊ ပြောင်း၊ သရက်၊ ထောပတ်၊ ငရုတ်၊ အာလူး၊ ခရမ်းချဉ်သီး၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ဂျုံး၊ ဂျင်း၊ မြေပဲ၊ လက်ဖက်၊ သဘော်၊ ကြံ၊ စပါးစသည့် အပင်များကို စိုက်ပျိုးကြပါသည်။ ခြံစိုက်ပျိုးသောအိမ်ထောင်စု (၂) စုမှထောပတ်ပင်စမ်းသပ် စိုက်ပျိုးကြသည်။ သစ်တောမြေ (၅၀) ဧက ခန့်ရှိပြီးရွာတွင်းရှိ အိမ်ထောင်စုများမှ ပိုင်ဆိုင်သောမြေများဖြစ်ပြီး ကျေးရွာပိုင်သစ်တောမြေမရှိပါ။ ကွဲမျာအတွက်စားကျက်မြေသီးသန့်မရှိပါ။ သစ်တောများအတွင်း၌ သာလွတ်ကြောင်းကြသည်။

Scanned with CamScanner

Scanned with CamScanner

(၁.၃.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား(၄) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရှိနိုင်မှု(များ/သင့်/နည်း/မရှိ)	လက်လှမ်းမှီနိုင်မှု(လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန်(ဓါတ်ငွေ့/ရေနံ)	မရှိ	လက်လှမ်းမမှီ
ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ ကျောက်၊ ကျောက်မီးသွေး၊သဲ) စသည့် အခြားသဘာဝအရင်းအမြစ်	သင့်	ကျောက်၊သဲများကိုကျေးရွာအနီးတွင်အလွယ်တကူသယ်ယူရနိုင်ပါသည်။
တိရစ္ဆာန်မျိုးစိတ်များ	မရှိ	လက်လှမ်းမမှီ
အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	သင့်	နွားစာကိုမိုးနှင့်ဆောင်းတွင်အလွယ်တကူရနိုင်ပြီးနွေရာသီတွင်အနည်းငယ်ရှားပါးပါသည်။အေသထွက်ပရဆေးပင်များလည်းရနိုင်ပါသည်။

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ(၃-၅၊ စက်တင်ဘာလ၊ ၂၀၁၅)

(၁.၄) ဥစ္စာဓနအဆင့်အနေအထား

ဇယား(၅) ဥစ္စာဓနအဆင့်အနေအထား

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသောအိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသောအိမ်ထောင်စု	အလွန်ဆင်းရဲသောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	လယ်/ယာ-၃ဧက	လယ်/ယာ-၂ဧက	လယ်/ယာ - ၁ ဧက	-
အိမ်အခြေအနေ	၂ထပ်၊သွပ်မိုး၊ အုတ်ကာ၊အင်္ကတေခင်း	၁ထပ်၊သွပ်မိုး၊ပျဉ်ခင်း၊ ပျဉ်ကာ	သွပ်မိုး၊ထရံကာ၊ပျဉ်ခင်း	သွပ်မိုး၊ထရံကာ၊ ဝါးခင်း
လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု	လက်တွန်းထွန်းစက်၊မြက်ဖြတ်စက်၊	ပေါက်ပြား၊ထယ်၊ ဓား၊မကောက်	ပေါက်ပြား၊ထယ် ၊ဓား၊မကောက်	ပေါက်ပြား၊ ဓား၊မကောက်
အခြားပိုင်ဆိုင်မှု	တီဗွီ၊ဆိုင်ကယ်၊ စလောင်း၊ဖုန်း၊ ရေခဲသေတ္တာ	တီဗွီ၊ဆိုင်ကယ်၊ စလောင်း၊ဖုန်း၊	တီဗွီ၊ဆိုင်ကယ်၊ ဖုန်း	-
တစ်နှစ်ဝင်ငွေ	၈၀-သိန်း	၅၀-သိန်း	၃၀-သိန်း	၁၅-သိန်း
အိမ်ထောင်စုပေါင်း (၈၀)စု	၁၃အိမ် (၁၆.၂၅%)	၂၂အိမ် (၂၇.၅%)	၃၄အိမ် (၄၂.၅%)	၁၁အိမ် (၁၃.၇၅%)

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ(၃-၅၊ စက်တင်ဘာလ၊ ၂၀၁၅)

Scanned with CamScanner

Scanned with CamScanner

(၁.၅) ဝမ်းစာဖူလုံမှု၊ ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်လွယ်မှုအဖြစ်အနေ၊

(၁.၅.၁) ဝမ်းစာဖူလုံမှု

ရွေးခွာခြင်းမပြုခဲ့ သမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်သည့် အိမ်ထောင်စု

ဇယား (၆) ဝမ်းစာဖူလုံမှု

အမျိုးအစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု%	ဖြစ်ရပ်သည်နည်းဗျူဟာ
၃ လအောက်	၉	၃၀%	ကျေးရွာဈေးဆိုင်များမှအကြွေးယူရခြင်း၊ ဆွေမျိုးသားချင်းများထံမှငွေချေးငှားစားသုံးခြင်း၊ကျေးရွာမှငွေတိုးပေးသူများထံမှငွေတိုးယူပြီးစားနပ်ရိက္ခာဝယ်ယူစားသုံးရသည်။
၃လနှင့်၅ လအထိ	၁၃	၄၃.၃%	ကျေးရွာဈေးဆိုင်များမှအကြွေးယူရခြင်း၊ ဆွေမျိုးသားချင်းများထံမှငွေချေးငှားစားသုံးခြင်း၊ကျေးရွာမှငွေတိုးပေးသူများထံမှငွေတိုးယူပြီးစားနပ်ရိက္ခာဝယ်ယူစားသုံးရသည်။
၆လမှ ၁၂ လအထိ	၈	၂၆.၇%	ဆွေမျိုးသားချင်းများချေးယူခြင်း၊ဈေးဆိုင်များအကြွေးယူခြင်း၊လုပ်ငန်းရှင်များထံမှလုပ်အားခ ကြိုတင်ယူသုံးစွဲခြင်း။

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရှိသောသတင်းအချက်အလက်များ(၃-၅၊ စက်တင်ဘာလ၊ ၂၀၁၅)

ကျေးရွာရှိ အဆင့် (၃) ဆင်းရဲသောအိမ်ထောင်စုနှင့် အဆင့် (၄) အလွန်ဆင်းရဲသောအိမ်ထောင်စုဝင်များထဲမှ အိမ်ထောင်စု (၃၀) ကိုသာစစ်တမ်းကောက်ထားခြင်းဖြစ်ပါသည်။

(၁.၅.၂) ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

ဇယား(၇) ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အို ၆၀နှစ်နှင့် အထက်	မိသားစုစောင့်ရှောက်မှုမရှိ	-	-	-
မသန်စွမ်းသည့် ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိ	-	-	-
				အိမ်ထောင်စုအရေအတွက်
အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ			
မုဆိုးဖို / တစ်ခုလပ်	ဆင်းရဲ၍မိသားစုဦးရေများ			
ဆင်းရဲသည့် အိမ်ထောင်စု	အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသူ			

Scanned with CamScanner

Scanned with CamScanner

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ(၃-၅၊ စက်တင်ဘာလ၊ ၂၀၁၅)

(၁.၅.၃) ကျေးရွာရှိထိခိုက်လွယ်မှုဖြစ်နိုင်သည့်အခြေအနေ

ဇယား (၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	နိမ့်	မြေယာမဲ့ကျပန်းလုပ်ငန်းလုပ်ကိုင်ကြသောအိမ်ထောင်စုများနှင့်ဆင်းရဲသားတောင်သူများသည်စားနပ်ရိက္ခာမဖူလုံမှုကိုကြုံတွေ့ရနိုင်ပါသည်။
၂	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ...)	နိမ့်	နွေရာသီတွင်စိုက်ပျိုးရေအဓိကအခဲရှိ
၃	ငှက်ဖျား	နိမ့်	ငှက်ဖျားကူးစက်မှုဖုန်တွင်မကျရောက်သောကြောင့်ငှက်ဖျားရောဂါမရှိသလောက်နည်းပါသည်။
၄	ဝမ်းပျက်ဝမ်းလျှော	မြင့်	စိမ့်စမ်းရေသောက်သုံးရပြီးရေကိုကြိုချက်သောက်လေ့မရှိသောကြောင့်လည်းကောင်း၊အစားအသောက်များမသန့်ရှင်းသောကြောင့်လည်းကောင်းဖြစ်လေ့ရှိပြီးကလေးငယ်များတွင်အဖြစ်များပါသည်။
၅	ခုခံအားကျဆင်းမှု ရောဂါ	လတ်	နိုင်ငံခြားသို့သွားရောက်လုပ်ကိုင်ကြ၍စိုးရိမ်ရပါသည်။
၆	လူကုန်ကူးခြင်း	နိမ့်	
၇	မိုးခေါင်ခြင်း	နိမ့်	သစ်တောများရှိခြင်းကြောင့်မိုးခေါင်လေ့မရှိသော်လည်းဝါထပ်သည့်နှစ်များတွင် မိုးခေါင်တတ်ပါသည်။
၈	မိုးသည်းထန်စွာ ရွာသွန်းခြင်း	လတ်	တစ်ခါတစ်ရံတွင်အချိန်အခါမဟုတ်မိုးကြိုး လေ့ရှိပါသည်။
၉	လေပြင်းမုန်တိုင်း	နိမ့်	တစ်ခါတစ်ရံလေပြင်းများ၊လေဆင်နှာမောင်းများ တိုက်ခတ်လေ့ ရှိပါသည်။
၁၀	ငလျင်	နိမ့်	ငလျင်ကြောတွင်မရှိခြင်း။
၁၁	မီးဘေး	နိမ့်	နွေရာသီတွင်အန္တရာယ်ရှိနိုင်ပါသည်။
၁၂	မြေဆီလွှာ ဆုတ်ယုတ်ခြင်း	မြင့်	စိုက်ပျိုးရေးဓာတုဆေးများကိုအသုံးပြုခြင်းကြောင့်မြေဆီလွှာသည်အတိုင်းအတာတစ်ခုအထိပျက်စီးနိုင်ပါသည်။ တောင်သူများသည်မြေဆီလွှာပြုပြင်သောနည်းလမ်းများကိုအသုံးမပြုပေ

Scanned with CamScanner

Scanned with CamScanner

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၃-၅၊ စက်တင်ဘာလ၊ ၂၀၁၅)

ကျေးရွာအတွင်းရှိလူယေ၊ အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စုများ၊ မြေယာမဲ့များ၊ ဆင်းရဲသားတောင်သူလက်လုပ်လက်စားများ၊ ကျပန်းအိမ်ထောင်စုများနှင့် နယ်စပ်ဒေသသားရောက်လုပ်ကိုင်သူ အိမ်ထောင်စုများထိခိုက်လွယ်မှုဖြစ်နိုင်ခြေမြင့်မားပါသည်။

ထိုင်းနိုင်ငံသို့မိသားစုအလိုက် ပြောင်းရွှေ့၍ သွားရောက်လုပ်ကိုင်သော အိမ်ထောင်စု (၁၀) အိမ်ထောင်စုရှိ၍ တခြားအိမ်ထောင်စုများမှာ အနည်းဆုံး (၁-၂) ယောက်အထိသွားရောက် လုပ်ကိုင်ကြပါသည်။ အရွယ်ကောင်း အမျိုးသား၊ အမျိုးသမီးများလည်းတစ်အိမ်ထောင် (၁-၂) ယောက်နှုန်း အထိသွားရောက်လုပ်ကိုင်ကြသဖြင့် ရောဂါကူးစက်ခံရနိုင်မှုအခွင့်အလမ်းများပါသည်။ ကျေးရွာအနေထားအရအလုပ်အကိုင် အခွင့်အလမ်းနည်းပါး ၍ သွားရောက်လုပ်ကိုင်ကြပါသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	မြင့်	ထိုင်းနိုင်ငံသို့အလုပ်သွားရောက်လုပ်ကိုင်ကြခြင်း၊
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့်	မိသားစုဦးရေများပြီးအလုပ်လုပ်ကိုင်နိုင်သူနည်းသောကြောင့်အလုပ်ကိုင်ရှားပါးခြင်းဝင်ငွေနည်းပါးခြင်း အမျိုးသားများနှင့်အတူတန်းတူလုပ်အားခမရခြင်း၊
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့်	အလုပ်ကိုင်ရှားပါးခြင်း၊ဝင်ငွေနည်းပါးခြင်း၊အရင်းအနှီးမရှိခြင်း၊မြို့နှင့်နီးသော်လည်းစွန့်စားလုပ်ကိုင်နိုင်မှုအား နည်း ၊ဝင်ငွေရလုပ်ငန်းလုပ်ဆောင်ရန်အလုပ်အခွင့်လမ်းမတည်ငြိမ်ခြင်း
၄	လက်လုပ်လက်စားများ၊ ကျပန်း	မြင့်	အလုပ်ကိုင်ရှားပါးခြင်း၊ဝင်ငွေနည်းပါးခြင်း၊အရင်းအနှီးမရှိခြင်း၊မြို့နှင့်နီးသော်လည်းစွန့်စားလုပ်ကိုင်နိုင်မှုအား နည်း၊ဝင်ငွေရလုပ်ငန်းလုပ်ဆောင်ရန်အလုပ်အခွင့်လမ်းမတည်ငြိမ်ခြင်း
၅	နယ်စပ်ဒေသ	မြင့်	နယ်စပ်သွားရောက်လုပ်ကိုင်သူများ ရောဂါကူးစက်မှုကြုံတွေ့နိုင် ။

Scanned with CamScanner

Scanned with CamScanner

စဉ်	အမျိုးအစား	ထိခိုက်မှု (နှိမ့်/လတ်/မြင့်)	မှတ်ချက်
၆	ဆေးစွဲသူများ	မြင့်	
၇	ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ	မြင့်	နယ်စပ်သွားရောက်လုပ်ကိုင်သူများ၊ ရောဂါကျရောက်မှုကူးစက်မှုဖြစ်နိုင်ခြေများ

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသား‌များ‌ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရှိသောသတင်းအချက်အလက်များ (၃-၅၊ စက်တင်ဘာလ၊ ၂၀၁၅)

အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသော အိမ်ထောင်စုများအနေဖြင့် ထိခိုက်လွယ်ရခြင်းမှာ ၎င်းတို့သည် အမျိုးသား‌များနှင့် တန်းတူအလုပ်ကြမ်းများ မလုပ်နိုင်ခြင်း၊ ကုန်ဈေးနှုန်းများ ကြီးမြင့်လာသဖြင့် စား‌ဝတ်နေရေးခက်ခဲလာခြင်း၊ လုပ်အား‌ခနည်းခြင်း၊ ရပ်ရွာဖွံ့ဖြိုးရေးကိစ္စများတွင် ၎င်းတို့၏ကဏ္ဍ ပါဝင်မှုနည်းခြင်း စသည်တို့ကြောင့်ရလေ့ရှိပါသည်။ ကျပန်းမိသား‌စုများနှင့် မြေယာ မဲ့ဆင်းရဲသား မိသား‌စုများသည် ပုံမှန်အလုပ်မရှိသဖြင့် ပုံမှန်ဝင်ငွေမရရှိခြင်း၊ အခြား‌လုပ်ငန်းများ လုပ်ကိုင်ရန်အတွက်လည်း အရင်းအနှီးငွေမရှိခြင်း စသည့်အချက်များကြောင့် ၎င်းတို့အား‌ထိခိုက် လွယ်သည့်အစုအဖြစ် သတ်မှတ်ထား‌ခြင်းဖြစ်ပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင် ဖွဲ့စည်း သူများ (၄/၅)	စွမ်း ဆောင် နိုင်မှု(၆/ ၇/၈)
			ကျား	မ	ပေါင်း			
၁	ကျေးရွာ အုပ်ချုပ်ရေး အဖွဲ့	၁	၁	-	၁	စီမံခန့်ခွဲရေး	၅	၆
၂	မြစီမံးရောင် အဖွဲ့	၁	၄	၃	၇	အရင်းမပြောက်လည် ပတ်ရန်ပုံငွေ	၅	၆
၃	ရပ်မိရပ်ဖအဖွဲ့	၂	၁၀	-	၁၀	သာရေး၊နာရေး၊ဘာသာရေး၊လူမှုရေး၊ကျေးရွာဘက်စုံလုပ်ငန်းများ။	၄	၆
၄	လျှပ်စစ်မီးလင်းရေးအဖွဲ့	၂	၁၅	-	၁၅	ကျေးရွာမီးလင်းရေး	၄	၆

Scanned with CamScanner

Scanned with CamScanner

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသား များကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၃-၅၊ စက်တင်ဘာလ၊ ၂၀၁၅)

မှတ်ချက်။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်တူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

(၂.၁.၂) **ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ**

ဇယား (၁၁) ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁	ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာန	၄	ကျေးလက်ဖွံ့ဖြိုးရေး(မြစိမ်းရောင်)

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသား များကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၁၈–၂၀/၇/၂၀၁၅)

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ - ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

Scanned with CamScanner

Scanned with CamScanner

ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ

ရပ်မိရပ်ဖအဖွဲ့သည် ၂၀၁၁ ခုနှစ်မှစတင်၍ ကျေးရွာ၌ တစ်အိမ်ထောင်လျှင် တစ်လ (၃၀၀၀) ကျပ်နှုန်းဖြင့် (၄၅) အိမ်ထောင်စုအား လစဉ်ကောက်ခံခဲ့ပြီး ကျေးရွာ၏သဘင်း၊ နာရေး၊ ဘာသာရေး လူမှုရေးကိစ္စများတွင် အသုံးပြုခဲ့ပါသည်။ (၂၈) အိမ်ထောင်စုမှာ မြို့ပေါ်ရပ်ကွက်မှ ခွဲထွက်လာသူများဖြစ်ပြီးကောက်ခံ၍မရပါ။ (၇) အိမ်ထောင်စုမှာ ဆင်းရဲသောမိသားစုများဖြစ်၍ ရန်ပုံငွေ မထည့်ဝင်နိုင်ပါ။ ရပ်မိရပ်ဖအဖွဲ့တွင် ရည်ရွယ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ထားခြင်း မရှိပါ။ မှတ်တမ်းများထားရှိသော်လည်း ငွေရေးကြေးရေးစနစ်တကျ ရေးသွင်းထားခြင်းမရှိပါ။ အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှု၊ ငွေရေးကြေးရေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းများ လိုအပ်လျှက်ရှိပါသည်။

မြစိမ်းရောင် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို (၁၆.၇.၂၀၁၅) ရက်နေ့တွင် အဖွဲ့ဝင် ကျား (၄) ဦး ၊မ (၃) ဦးဖြင့်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဖွဲ့စည်းပေးခဲ့ပါသည်။ ကျေးလက်ဦးစီးဌာနမှ (၃-၉-၂၀၁၅) တွင် ရံပုံငွေအဖြစ် သိန်း (၃၀၀) ကျပ်အား‌ပံ့ပိုးပေးခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားဝင်ငွေတိုး လုပ်ကိုင်နိုင်ရန်အတွက် တစ်အိမ်ထောင်စုလျှင် အနည်းဆုံး (၂၀၀၀၀၀) ကျပ်မှ အများဆုံး (၁၀၀၀၀၀၀) ကျပ်အထိပံ့ပိုးပေးခဲ့ပါသည်။

လျှပ်စစ်မီးလင်းရေးကော်မတီကို (၂၀၁၄) ခုနှစ်တွင် အဖွဲ့ဝင်ကျား(၁၅) ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ကျေးရွာမှ (၂) နှစ်အတွင်း (၆) ကြိမ်ကောက်ခံခဲ့ပြီး ပထမအကြိမ်တွင် တစ်အိမ်လျှင် (၂၀၀၀၀၀) ကျပ်နှုန်းဖြင့် အိမ်ခြေ (၆၇) အိမ်မှ ကျပ်(၁၃၄) သိန်းဖြင့် စတင်ခဲ့ပြီး ကျန် (၅) ကြိမ်တွင် တစ်ကြိမ်လျှင် တစ်အိမ်ထောင် (၁၀၀၀၀၀) ကျပ်နှုန်းဖြင့် ကျပ် (၃၃၅) သိန်းရရှိကာ စုစုပေါင်း တစ်အိမ်ထောင်လျှင် (၇၀၀၀၀၀)ကျပ်နှုန်းဖြင့် စုစုပေါင်းကျပ် (၄၆၉) သိန်းအကုန်အကျခံကာ ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးရရှိခဲ့ပါသည်။ ကျေးရွာတွင် အိမ်ခြေ (၈၀) ရှိသည့်အနက် ကျန် (၁၃)အိမ်မှာ စီးပွားရေး အဆင်မပြေသည့်အတွက် လျှပ်စစ်မီးမယူနိုင်ပါ။ လျှပ်စစ်မီးလင်းရေးကော်မတီမှ လစဉ် မိတာခ ကောက်ခံပေးခြင်း၊ မီးပျက်ပါက မြို့နယ်လျှပ်စစ်ဦးစီးဌာနသို့ အကြောင်းကြားခြင်းများ ပြုလုပ် ပေးပါသည်။ ရေရှည်ပြုပြင်ထိန်းသိမ်းရေး အစီအစဉ်များမရှိပါ။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

၄င်းကော်မတီဖွဲ့စည်းခြင်းကို (၁၆.၇.၂၀၁၅) ရက်နေ့တွင် အဖွဲ့ဝင် ကျား (၄) ဦး ၊မ (၃) ဦးဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဖွဲ့စည်းပေးခဲ့ပါသည်။ ကျေးရွာ၏စိုက်ပျိုးရေး၊ မွေးမြူရေးအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် ဖွဲ့စည်းထားခဲ့ပါသည်။ ပွင့်လင်းမြင်သာမှုနှင့် အများသဘောတူဆုံးဖြတ်ချက်အရ ရွေးချယ်ဖွဲ့စည်းရန် ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

Scanned with CamScanner

Scanned with CamScanner

(၂.၂) စီးပွားရေးနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊

(၂.၂.၁) နိုက်ပျိုးရေးသီးနှံ

(၂.၂.၁.၁) နိုက်ပျိုးမြေဝိုင်ဆိုင်မှု၊မြေယာဝိုင်ဆိုသည့် အိမ်ထောင်စု

ဇယား(၁၂) နိုက်ပျိုးမြေဝိုင်ဆိုင်မှု၊မြေယာဝိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေဝိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ပံ့ပိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၃၈	၄၇.၅%	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၃၀	၃၇.၅%	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ - ၅ ဧကထိ	၁၂	၁၅%	တောင်သူငယ်
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၈၀**	**၁၀၀ %**	

ရည်ညွှန်း-ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၃-၅၊ စက်တင်ဘာလ၊ ၂၀၁၅)

လယ်သမားကြီးများမှာ လယ်မြေ (၁၀) ဧကအထိ ပိုင်ဆိုင်ကြပြီး (၁၃) ဦးရှိပါသည်။ အလယ်အလတ် လယ်သမားများသည် (၃-၅) ဧက ခန့် ပိုင်ဆိုင်ကြပြီး၊ လယ်သမားငယ်များ သည် (၁-၂) ဧက ပိုင်ဆိုင်ကြပါသည်။

(၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား(၁၃) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့် ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု (တနှစ်ပတ်လုံး/ ရာသီအလိုက်)
-	-	-	-	-

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၃-၅၊ စက်တင်ဘာလ၊ ၂၀၁၅)

Scanned with CamScanner

Scanned with CamScanner

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား(၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	ကေ	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုးသည့်ကာလ	သွင်းအားစုလိုအပ်ချက် (နှိမ့်/လတ်/မြင့်)	အမြတ်ရှိုနိုင်မှု (နှိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				
စပါး	၃၇.၅	တင်း	၂၅	၃၀	၂၈	ဝါဆိုလမှတန် ဆောင်မုန်း နတ်တော်လမှ တပို့တွဲ	မြင့်	နှိမ့်	ဝမ်းစာဖူလုံမှုအတွက်
အာလူး	၃	ဝိသာ	၁၅၀၀	၂၀၀၀	၁၇၅၀		မြင့်	နှိမ့်	

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်များ(၃-၅၊ စက်တင်ဘာလ၊ ၂၀၁၅)

စိုက်ပျိုးရေးသီးနှံ

စပါးစိုက်ကေပေါင်း (၃၇.၅) ကေရှိပြီး အိမ်ထောင်စု (၁၇) စုသာ စိုက်ပျိုးကြသည်။ ကျန်အိမ်ထောင်စုများမှာ စပါးစိုက်ပျိုးရန်လယ်မြေမရှိကြပါ။ ဒေသမျိုးကိုသာ စိုက်ပျိုးကြပြီး လယ်မြေအများဆုံးပိုင်ဆိုင်သည့် အိမ်ထောင်စုမှာ (၃) ကေသာပိုင်ဆိုင်သည်။ ထို့ကြောင့် ဝမ်းစာဖူလုံမှုအတွက်သာ စိုက်ပျိုးနိုင်ကြပါသည်။ ဝါဆိုလတွင်စတင်စိုက်ပျိုးကြပြီး တန်ဆောင်မုန်းလတွင် ရိပ်သိမ်းကြပါသည်။ အထွက်နှုန်းမှာ တစ်ကေ (၂၅-၃၀) တင်းရရှိပါသည်။ မိရိုးဖလာစိုက်ပျိုးနည်းများသာ အသုံးပြုခြင်း၊ ဓာတ်မြေဩဇာအသုံးပြုမှုများသဖြင့် မြေဆီဩဇာပျက်စီးခြင်း၊ မိုးရွာသွန်းမှုနည်းသဖြင့် မိုးရေလုံလောက်စွာမရရှိ ခြင်းတို့ကြောင့် စပါးအထွက်နှုန်းနည်းရခြင်းဖြစ်ပါသည်။ ပုလဲခါတ်မြေဩဇာတစ်အိတ်ဈေးနှုန်း (၂၅၀၀) ကျပ်ကုန်ကျ၍ တီစူပါခါတ်မြေဩဇာ (၁) အိတ်ဈေးနှုန်းမှာ (၁၅၀၀) ကျပ်ပေးရပါသည်။ တစ်ကေလျှင် ပုလဲ ခါတ်မြေဩဇာ (၂) အိတ်ထည့်ရ၍ တီစူပါခါတ်မြေဩဇာ (၁)အိတ်ထည့်ရပါသည်။ ခါတ်မြေဩဇာအတွက် ကုန်ကျစရိတ်မှာ မှာ(၆၅၀၀၀) ကျပ်ကုန်ကျပါသည်။ နွားချေးတစ်ပုံးလျှင် (၄၀၀) ကျပ်ပေးရ၍ တစ်ကေလျှင် နွားချေးပုံး(၂၀၀) ခန့်ထည့်ရပါသည်။ စုစုပေါင်းနွားချေးအတွက် ကုန်ကျစရိတ် (၈၀၀၀၀) ကျပ် ခန့်ကုန်ကျပါသည်။ အလုပ်သမား ခတစ်ဦးလျှင် (၃၀၀၀) ကျပ်ပေးရ၍ တစ်ကေလျှင် အလုပ်သမား (၂၀) ဦး အသုံးပြုရ၍ (၆၀၀၀၀) ကျပ်ကုန်ကျပါသည်။ စပါးကြိတ်ခွဲခတစ်တင်း (၄၀၀) ကျပ်ပေးရပါသည်။ ဆန်တစ်တင်းကို (၁၈၀၀၀) ကျပ်ဖြင့်ဝယ်ယူပါသည်။ စပါးတစ်ကေမှ ဝင်ငွေ (၂၃၄၀၀၀) ကျပ် ခန့်ရရှိ၍ အမြတ်တစ်ကေလျှင် ပျမ်းမျှ (၃၀၀၀၀) ကျပ်ခန့်ရရှိပါသည်။ စပါးကို ဝမ်းစာဖူလုံမှုရရှိရန်ကြောင့် ဖြစ်သည်။

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner

Scanned with CamScanner